“မည်သည့်လူတစ်စုမဆို မဂ်ျလိစ်(ထိုင်ဝိုင်း)တစ်ခုမှအလ္လာဟ်အရှင်မြတ်အား ဇိကိရ်သတိရတသခြင်းမပြုဘဲ

ထသွားခဲ့လျှင် ၎င်းတို့သည် ပုပ်သိုးနေသော

မြည်းအသေတစ်ကောင်အနားမှ ထသွားသကဲ့သို့ပင် ဖြစ်၏။

ထိုသို့သော မဂ်ျလိစ်(ထိုင်ဝိုင်း)သည် ကိယာမတ်နေ့တွင်၎င်းတို့အပေါ်၌ ဝမ်းနည်းဖွယ် (နောင်တရဖွယ်)

အကြောင်းတစ်ရပ် ဖြစ်လိမ့်မည်။”

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ “မည်သည့်လူတစ်စုမဆို မဂ်ျလိစ်(ထိုင်ဝိုင်း)တစ်ခုမှ အလ္လာဟ်အရှင်မြတ်အား
ဇိကိရ်သတိရတသခြင်းမပြုဘဲ ထသွားခဲ့လျှင် ၎င်းတို့သည် ပုပ်သိုးနေသော
မြည်းအသေတစ်ကောင်အနားမှ ထသွားသကဲ့သို့ပင် ဖြစ်၏။ ထိုသို့သောမဂ်ျလိစ်(ထိုင်ဝိုင်း)သည် ကိယာမတ်နေ့တွင် ၎င်းတို့အပေါ်၌ ဝမ်းနည်းဖွယ် (နောင်တရဖွယ်) အကြောင်းတစ်ရပ် ဖြစ်လိမ့်မည်။” [صحيح] [رواه أبو داود]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူခဲ့သည်မှာ - မည်သည့်လူတစ်စုမဆို မဂ်ျလိစ်(ထိုင်ဝိုင်း)တစ်ခုတွင်ထိုင်မည်။ ထို့နောက်ထိုမဂ်ျလိစ်မှ အလ္လာဟ်အရှင်မြတ်အား ဇိကိရ်သတိရတသခြင်းမပြုဘဲ ထသွားခဲ့လျှင်၎င်းတို့သည် ပုပ်သိုးနေသော၊ အနံ့ဆိုးထွက်နေသော မြည်းအသေကောင်တစ်ကောင်အနားတွင်စုဝေးနေရာမှ ထလာသူများကဲ့သို့ပင် ဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ ၎င်းတို့သည်အလ္လာဟ်အရှင်မြတ်အား ဇိကိရ်သတိရတသခြင်းမှ မေ့လျော့ပြီး အခြားစကားများဖြင့်အချိန်ကုန်ခဲ့သောကြောင့် ဖြစ်သည်။ ထိုသို့သော မဂ်ျလိစ် (ထိုင်ဝိုင်း) သည်ကိယာမတ်နေ့တွင် ၎င်းတို့အတွက် ဝမ်းနည်းခြင်း ၊ ဆုံးရှုံးခြင်း၊ရှက်ရွံ့နောင်တရခြင်း၏ အကြောင်းအရင်းတစ်ရပ် ဖြစ်ပေမည်။

http://www.sunnah.global/hadeeth/my/show/3910